
(မန္တလေး)
အပြင်မှာ အရမ်းအေးတယ်

စာရေးသူ ပီပီ(မန္တလေး)

ဝတ္ထုအမည် အပြင်မှာအရမ်းအေးတယ်

၁။

တောင်ပေါ်ဒေသ၏ ဆောင်းဦးကာလသည် ခိုက်ခိုက်တုန် အေးမြလှပါ၏။

ဒေသထုံးစံအတိုင်း အိမ်ထဲမှာ မီးလင်းဖိုလေး တစ်ခုတော့ အိမ်တိုင်းမှာ ပါရှိစမြဲ။

ဒီကနေ့ ညက ပို၍ ချမ်းအေးလွန်း၏။

ရွာလိုက်သည့် မိုးကလည်း နေ့ခင်းကတည်းက သဲသဲမဲမဲနဲ့ အခုထိ မိုးမစဲတော့ချေ။

မုန်တိုင်းလား အောက်မေ့ရသည်။

မိုးနဲ့အတူ လေပြင်းကလည်း အိမ်ကို သိမ့်သိမ့်တုန်အောင် တိုက်ခတ်နေပြန်၏

တံခါးများ ကလန့်ထိုး မထားရင် လေဆောင့်အတိုက်မှာ ဝုန်းခနဲ ပွင့်သွားတတ်၍ ဒေါ်အေးမြ တစ်ယောက်ရှိသမျှ တံခါးအားလုံးကို ကလန့်ထိုးထားရ၏။

ခါတိုင်းဆို သမီးဖြစ်သူ ဖူးဝေ ရှိနေ၍ သူ့ခမျာ စကားပြောဖော် အားကိုးဖော် ရှိနေသေး၏။

ဒါပေမဲ့ ဒီလိုမိုးသည်းညမှာမှ ဖူးဝေက အမေကို ကက်ကက်လန်အောင်

ရန်ဖြစ်ပြောဆို၍ တစ်ယောက်တည်း ထားသွားခဲ့ပြန်သည်။

ရက်တစ်ပတ်အတွင်း ဤအိမ်မှ လူ ၂ ယောက် ဆင်းသွားသည်မှာ ဒေါ်အေးမြ၏ အပြစ်မကင်းချေ။

ဒေါ်အေးမြသည် အမြဲတစေလိုလို မြည်တွန်တောက်တီး ပြစ်တင်ပြောဆိုတတ်သည် မဟုတ်လား။

ဒေါ်အေးမြ မီးလင်းဖိုနံဘေးမှာ အဝတ်တွေ ခေါက်နေရင်း ပြန့်ကျဲနေသော အဝတ်ပုံကြီးကို ကြည့်၍ တဖျစ်တောက်တောက် ညည်းတွားနေပြန်သည်။

"မိအေးမြတို့ လင်ရက်ကောင်းပုံက၊ အခု သမီးကပါ နှုတ်လုံ့ထိုး ခြေစုံကန်သွားပြန်ပြီ၊ သြော် ... ငါ့နှယ် ဘယ်ဘဝက ဝဋ်ကြွေးတွေပါလိမ့်နော် ..."

ပြီးခဲ့တဲ့ တစ်ပတ်လောက်က ဒေါ်အေးမြနှင့် သူမ၏ခင်ပွန်းဖြစ်သူ ဦးမြင့်ဆောင် စကားများ ရန်ဖြစ်ခဲ့ကြသည်။

ထိုစဉ်က ဒေါ်အေးမြက ဦးမြင့်ဆောင်အား ...

'ကျုပ်ပြောတာ မခံနိုင်ရင် အိမ်ပေါ်ကဆင်းသွား၊ ဘာမှ အားမကိုးထိုက်တဲ့ လင်ယောကျ်ား၊ ရှိနေလည်း အပိုပဲ' ဟု တရားလက်လွတ် စကားဆိုခဲ့၏။

ထိုအခါ လူအေး လူရိုးကြီး ဦးမြင့်ဆောင်က ဒေါ်အေးမြအား နာကျင်ခံခက် ...

ခံပြင်းဒေါသစိတ်ဖြင့် ကြည့်ကာ ...

"ဟုတ်ပါပြီ ငါက လူပိုဆိုတော့ ... နင့်အိမ်မှာ မနေတော့ပါဘူး။ ငါသွားပါ့မယ်" ဟုပြောကာ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် အိမ်ကနေ ထွက်သွားခဲ့လေသည်။

အဲဒီတုန်းက ဒေါ်အေးမြသည် မိမိ၏

စကားလွန်သွားကြောင်း သိပါ၏။

စကားကို အနိုင်ယူလိုစိတ်ဖြင့်သာ ပြောမိခြင်းဖြစ်ပြီး၊ ဦးမြင့်ဆောင်ကို အိမ်ပေါ်က အမှန်တကယ် ဆင်းမသွားစေခဲ့လိုပါ။

တကယ်တမ်း ဦးမြင့်ဆောင် ဆင်းသွားတော့ ဒေါ်အေးမြ စိတ်မကောင်းဖြစ် ကျန်ရစ်ခဲ့သည်။

ဘာဖြစ်ဖြစ် သူ စိတ်ပြေရင် ပြန်လာမှာပါဟူသော စိတ်ဖြင့် မတားမြစ်ခဲ့။

ယခု ဦးမြင့်ဆောင် ပြန်မလာသည်မှာ ရက်တစ်ပတ်ကျော် ရှိခဲ့လေပြီ။

ဒေါ်အေးမြ အသက်ကြီးမှ အိမ်ထောင်ပြုမိသည်ကို နောင်တရမိ၏။

အသက် ၄၀ မှာ ကိုမြင့်ဆောင်နှင့် အကြောင်းပါခဲ့၏။

၄၂နှစ်ကျော်မှာ ဖူးဝေကို ကိုယ်ဝန်စရသည်။ ၄၃ နှစ်မှာ ဖူးဝေကို မွေးဖွား၏။

အခု ဖူးဝေက ၁၇ နှစ်၊ ဒေါ်မြရင်ရဲ့အသက်ကို တွက်စစ်ရင် ၆၀ ပြည့်လုပြီ။

အိုသည့်ဘက်ကို ပြုလဲစပြုပြီလေ။

ငယ်စဉ်ကတည်း တောင်ယာနဲ့ နပန်းလုံးလာခဲ့တာ အခုတော့ ဟိုနေရာက နည်းနည်းနာသည် နေရာက နည်းနည်းမကောင်းနဲ့ စိတ်သွားတိုင်း လူကမပါချင်တော့။

ကိုမြင့်ဆောင်က သူမထက် ၄ နှစ်ခန့်ကြီး၏။ ကိုမြင့်ဆောင်က ရိုးသားလွန်း၏။

ထို့ကြောင့် အိမ်ရဲ့စီးပွားရေးကို သူမပဲ ဦးဆောင်ရတာ များလေသည်။

ကိုမြင့်ဆောင်နဲ့ ရန်ဖြစ်ရတာကလည်း အဲဒါတွေကြောင့် ဖြစ်၏။

ရိုးသားလွန်းတော့ မကြာခဏ အလိမ်ခံရသည်။

ဒီတစ်ခါ ကိုမြင့်ဆောင် အလိမ်ခံရသည်က နည်းနည်းများ၏။

၁၅ သိန်းကျော် အလိမ်ခံရခြင်း ဖြစ်၏။

လိမ်သွားတဲ့သူကို အခုထိ ကိုမြင့်ဆောင်က ယုံကြည်နေတုန်း။

မနက်ဖြန် သန်ဘက်ခါဆို ပြန်လာပေးမှာပါဟု ယုံကြည်နေဆဲဖြစ်၏။

အခင်းတစ်ခင်းလုံးက ပြောင်းဖူးတွေ အားလုံးကို အကြွေးစနစ်ဖြင့် ရောင်းချလိုက်ခြင်း ဖြစ်သည်။

စရံငွေလေး မဖြစ်စလောက် ပေးသွားပြီး အခင်းထဲ ကားထိုးကာ ပြောင်းတွေအကုန် သယ်ယူသွားပြီး ဖြစ်၏။

ထိုငွေကို လိုက်အတောင်းခိုင်းတော့၊ ကိုမြင့်ဆောင်က အားနာသည်ဟု ဆို၏။

ဒေါ်အေးမြက ထိုကုန်သည်ကို ဖုန်းဆက်ကြည့်တော့ စက်ပိတ်ထားပါသည်တဲ့ မြို့ပေါ်တက်၍ ငွေသွားခံရန် ကိုမြင့်ဆောင်ကို လွှတ်လိုက်၏။

ကိုမြင့်ဆောင် မြို့ပေါ်လိုက်ကာ ထိုလူ၏ ပွဲရုံကို ငွေသွားတောင်းသည်။

ထိုလူနဲ့မတွေ့ရ။ သူ့မိန်းမက ကုန်တွေ သွားပို့တာ ပြန်မလာသေးပါဟုသာ အဖြေရခဲ့သည်။

ဘယ်နေ့ ပြန်လာမည်ဟုလည်း မသိရ။

ကုန်ဖိုးကို ထိုလူ ပြန်လာမှ ရမည်ဟုသာ အဖြေရခဲ့သည်။

ဒေါ်အေးမြနဲ့ ရန်ဖြစ်ရသည်က ထိုသို့သော အကြောင်းအရင်းများကြောင့်သာ ဖြစ်လေ၏။

ဒေါ်အေးမြအား မတိုင်ပင်ဘဲ အရောင်းအဝယ် လုပ်မိသော ကိုမြင့်ဆောင်ခမျာ စိတ်ဓာတ်တွေ အလူးအလဲ ကျနေရှာ၏။

နေ့စဉ်နှင့်အမျှ ဒေါ်အေးမြက မြည်တွန်တောက်တီး ပြစ်တင်ပြောဆိုနေတော့ ...

ကိုမြင့်ဆောင်ခမျာ ပို၍ စိတ်ဆင်းရဲနေရရှာသည်။

ထို့ကြောင့် ဒေါ်အေးမြက အိမ်မှာ သူ့အား လူပိုပဲဟု ပြောသည့်အခါ နာကျင်စွာ ခံစားရသည်။

ဒေါ်အေးမြကို မခံချင်စိတ်ဖြင့် အိမ်ပေါ်မှ ဆင်းသွားခဲ့ခြင်း ဖြစ်သည်။

***